# သရဲရထား

ငြိမ်းဝေးတိမ်

အပိုင်း(၁)

ကျွန်တော်တို့သည်ခရီး တစ်ခုကိုသွားရန် အဆင်သင့်ဖြစ်နေကြပါပြီ။

စိတ်ညစ်ညူးဖွယ်ကောင်းသော ငရဲ (သို့မဟုတ်) ၄င်းနှင့် ဆင်ဆင်တူကောင်းတူနိုင်သည့် အရပ်တစ်ခုဆီသို့ အလည် အပတ်သွားရန် အသင့်ဖြစ်နေကြခြင်းဖြစ်၏။

ကျွန်တော်တို့သည် နှစ်ပေခန့်ကျယ်သောသံလမ်း တစ်ခုပေါ်တွင်တင်ထားသည့်ရထားသေး သေးလေးတစ်စီးပေါ်တွင်ထိုင်ရင်း ခရီးစတင်မည့်အချိန်ကိုစောင့်စားနေကြသည်။

ရင်ခွင်ထဲတွင် ငါးနှစ် အရွယ်သားငယ်ကိုပွေ့ဖက်ထားရင်းလမ်းခရီးတွင်တွေ့ကြုံရမည့် အတွေ့အကြုံသစ်များကို စိတ်ကူး ဖြင့် တွေးကြည့်နေမိသည်။

ထိုစဉ်၊ ဘယ်ဘက် လက်မောင်းပေါ်တွင် တဒိတ်ဒိတ် သွေး တိုးသံတစ်ခုဖြစ်ပေါ်နေကြောင်း အထိအတွေ့ဖြင့်ခံစားလိုက်ရ၏။ထိုသွေးတိုးသံတို့သည်ကျွန်တော့် ဘယ် လက်မောင်းနှင့်ထိကပ်နေသော သားငယ်၏ရင်ဘတ်မှ ထွက်ပေါ်နေခြင်းဖြစ်သည်။

ကျွန်တော့်သားငယ် ၏နှလုံးသားဆီမှကြောက်ရွံ့ခြင်း (သို့မဟုတ်) စိတ်လှုပ်ရှားခြင်း ကြောင့် ဖြစ်ပေါ်နေသည့် နှလုံးခုန်သံ မြန်မြန်များသည် တဒိတ်ဒိတ် သွေးတိုးသံတို့ကို ဖြစ်စေ၏။

ကျွန်တော့်ဘေးတွင် ကပ်ထိုင်နေသည့်ဇနီးသည် သူ့ရှေ့တူရူရှိ (ကျွန်တော်တို့ ဖြတ်သန်းဝင်ရောက်ရမည့်) တံခါးပေါက်ကို ငြိမ်သက်တိတ်ဆိပ်စွာငေးကြည့်နေသည်။ သူလည်းစိတ်လှုပ်ရှား နေပုံ(သို့မဟုတ်)ကြောက်နေပုံရသည်။

ဘာ့ကြောင့် သည်လို ခရီးစဉ်မျိုး၊ အစီအစဉ်မျိုးကို ကျွန်တော်တို့ ရွေးချယ်မိလိုက် ကြ ပါလိမ့်ဟု တွေးနေမိသည်။

ကျွန်တော်တို့ကိုယ်တိုင် စိတ်တိုင်းကျ ရွေးချယ်လိုက်ကြသည်လား။ အကြောင်းကြောင်းက ကျွန်တော်တို့ကို ရွေးချယ်ပေးလိုက်သည်လား ။

လူ့သဘာဝသည်အကြောက်တရားနှင့် စိတ်လှုပ်ရှားမှုကို အဟာရတစ်ခုလိုမက်မက်မောမော သောက်သုံးလိုတတ်သည့် သဘောရှိပါသလား ။

ကျွန်တော်သည် သားလေးလက်ထဲသို့ ပစ္စတိုသေနတ်ကိုထည့်ပေးလိုက်၏။

ပြီးမှပြန်ယူကာ၊ကျည်ဆံ များဖြည့်ပေးနေမိပြန်သည်။

အားလုံးပေါင်း ပလတ်စတစ်ကျည်ဆံလုံးလေးများ ရှစ်လုံး တိတိ။

သူ့သေနတ်ထဲသို့ကျွန်တော် ကျည်ဆံဖြည့်ပေးနေချိန်တွင်၊ သားသည် သေနတ်ကို စူးစူးစိုက်စိုက်ကြည့်နေသည်။။ သူကျေနပ်နေပုံ (သို့ မဟုတ်) စိတ်လုံခြုံမှုတစ်စုံတရာ ရရှိနေပုံပေါ်သည်။

ဤကျည်ဆံမကုန်မီ ခရီးစဉ် ပြီးဆုံးပါ့မလား။

ကျွန်တော်မသိပါ။

ဤသေနတ်ဖြင့် မည်သည့်ရန်ကိုမျှ မကာမကွယ်နိုင်ကြောင်းတော့ ကျွန်တော်သိပါသည်။ ကျွန်တော်သိသလို သားလေး မသိသည်မှာ ကံကောင်းသည်။ လောလောဆယ် ထိုကလေးအတွက်သူ့ကစားစရာသေနတ်လေးသည်၊ အဖေ့ရင်ခွင်မှလွဲလျှင် ကြီးမားသောအားကိုးရာ တစ်ခုဖြစ်၏။ ရှေ့ဆက် ကျွန်တော်တို့ ကြုံရမည့်ခရီးတွင် ကျွန်တော်တို့ကို ရန်သတ္တုပြုမည့်၊ ချောက်လှန့်မည့်၊ စိတ်အနှောက်အယှက်ဖြစ်စေမည့် အစီအစဉ်များဖြင့်သာပြည့်နှက်နေမည်မှာ သေချာသည်။

ကျွန်တော်တို့သည် သူများစိတ်တိုင်းကျ (သူတို့အလိုကျ)ပြုပြင်ဖန်တီးကျုံးသွင်း ထားသည့် ဝန်းကျင်တစ်ခုထဲသို့ မိမိကိုယ်ကို (သိလျက်နှင့်) ပစ်ထည့်လိုက်သင့်ပါသလား။

ဤသို့ သေချာနေပါ လျက် ထိုခရီးကိုသွားရန် ကျွန်တော်တို့ဘာ့ကြောင့်ရွေးချယ် ခဲ့ကြပါသလဲ။မသိပါ။

ကျွန်တော်ရွေးချယ်ခဲ့ သည့်ခရီးလား။ ကျွန်တော့်ဇနီးရွေးချယ်ခဲ့သည့်ခရီးလား။ ကျွန်တော့်သားငယ် ပူဆာ၍လိုက်ပို့ဖြစ်သည့်ခရီးလား။

မသိပါ။

မည်သို့ဆိုစေကျွန်တော် သည်ခရီးတစ်ခုကိုအစပျိုးရန် အသင့်ဖြစ်နေသည်မှာတော့ အမှန်ပင်ဖြစ်သည်။

စူးရှသော ဝီစီသံ တစ်ချက် ကြားလိုက်ရ၏။

သိမ့်ကနဲတုန်သွားသော ခံစားမှုတစ်ခုကိုရလိုက်သည်။

ခန္ဓာကိုယ်များ ယိမ်း လှုပ်သွားခဲ့၏။

ကျွန်တော်တို့သည် ခရီးတစ်ခုကို အမှန်တကယ်ပင် စတင်ခဲ့ပါပြီ။ ရထားသည် ကျွန် တော်တို့အား ခရီးတစ်ခုဆီသို့ ခေါ်ဆောင်သွားခဲ့ပြီ။

တကျွီကျွီ တအီအီ မြည်သံများနှင့်အတူရထားငယ်သည်ပိတ်ထားသောဆင်နားရွက် တံခါးတစ်ခုကို သူ့ဦးခေါင်း

ဖြင့် တိုးဝှေ့လိုက်သည်။

ထိုတံခါးသည် တကျွီ ကျွီ။ တအိအိမြည်ရင်းပင် ပွင့်သွားခဲ့ပြီ။

ကျွန်တော်တို့သည် အလင်းမှလာသူများဖြစ်သော်လည်း တံခါးကိုကျော်ဖြတ်လိုက်သည်နှင့် အမှောင်ထဲရောက်ရှိသွားကြသည်။

ပိန်းပိတ်မှောင်တော့ မဟုတ်။

အနီနှင့် ခရမ်းပြာဖျော့ ဖျော့ စွက်ထားပြီး ပြပြအလင်း သာရှိသောအတော်မှောင်သည့် အမှောင်ဖြစ်သည်။

ပြန်ဆုတ်ခွင့်မရှိသော ခရီးတစ်ခုကို ကျွန်တော်တို့ စတင်ခဲ့ ပါပြီ။

လမ်းခရီးတစ်လျှောက် ကြုံတွေ့ရမည်များကို ဆန္ဒရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ လက်ခံဖြတ်သန်းရုံမှတစ်ပါး အခြားနည်းလမ်း မရှိတော့ပါ။

မြင်ကွင်းသည် အမှောင်ကို အလင်းကလုနေ၏။ အလွန် အင်အားနည်းပါးလှသောအလင်း မှုန်မှုန်လေးကို အမှောင်က ပျက်ရယ်ပြုနေ၏။

ရယ်သံလိုလို၊ ညည်းသံလိုလို၊ ခြိမ်းခြောက်သံလိုလို အသံများဝန်းကျင်တစ်ခုလုံးတွင် ထွက်ပေါ်နေသည်။

စိတ်ဓါတ်ကိုစတင်ချိုးဖဲ့ ဖျက်ဆီးဖို့ ကြိုးစားသော အစီ အစဉ်ဖြစ်သည်။

သားငယ်၏ခန္ဓာကိုယ် သည်တစ်ချက်တုန်သွားသည်။ ကျွန်တော်ကသား၏လက်ကို တင်းတင်းဖျစ်ညှစ်လိုက်ရင်း ၊

'သား၊ မကြောက်နဲ့၊ မင်းသေနတ်ကို အသင့်ချိန်ထား'ဟုအားပေး၍ သူ့သေနတ်လေးကို ကျွန်တော့်လက်ဖြင့် အုပ်မိုးကာ ပတ်ဝန်းကျင်ကို ချိန်ရွယ်ပစ်ခတ်ဟန်ပြုလိုက်သည်။ ကလေး၏စိတ်ဓာတ်ကို အရေးပေါ် အားဖြည့်မာန်သွင်းပေးသည့် ကြိုးပမ်းမှုဖြစ်သော်လည်း၊ ဤနေရာသို့ ထိုကလေးကိုခေါ်လာမိသည့် လွဲချော်လွန်းသော အစီအစဉ်ကိုတော့ ထိုလုပ်ရပ်က ချေဖျက်နိုင်စွမ်းမရှိမှန်း ကျွန်တော်သိရှိ နောင်တ ရ နေမိသည်။

သုံးနိုင်စွမ်းရည်မရှိသော သူ့သေနတ်လေးအကြောင်း (သည် ကလေး) မတွေးမိစေဖို့ကြိတ်ဆုတောင်းနေမိ၏။

ကျွန်တော့် ဘယ်ဖက် လက်မောင်းပေါ်တွင် ခပ်ပြင်းပြင်းဆုပ်ညှစ်လိုက်သော လက်သည်းရှည်များ စူးနစ်ဝင်ရောက် လာသည်။

စနစ်တကျစိတ်ဓါတ်ဖြိုခွဲထားခြင်းဒဏ်ကို စတင်ခံစားလိုက်ရ သော မိန်းမသားတစ်ယောက်၏ ခံစားမှုပြယုဂ် ဖြစ်သည်။

လူများ၏ စိတ်ဓါတ်ကိုဖျက်ဆီးနှိပ်ကွပ်ပစ်ဖို့ စနစ်တကျမကြံစည်အပ်မှန်း ဘာ့ကြောင့် လူတွေ သတိမမူမိကြပါသလဲ။

တုန်ယင်သလိုရှိသော်လည်း ထိမ်းထားသော အသံဖြင့်

'သားသား၊ မကြောက်နဲ့၊ အကောင်တွေ့ရင် သေနတ်နဲ့ပစ်'

အမေ၏ သားကိုအားပေးစကား မဆုံးလိုက်ပါ။

ကျွန်တော့်ညာဖက် အပေါ်ထောင့်မှ အဝတ်ဖားလျားနှင့် သရဲရုပ်ကြီးတစ်ရုပ်ပြိုကျလာပြီး၊ သူ့ညာလက်ဖတ်လတ်ကြီးနှင့် ကျွန်တော့် မျက်နှာဆီသို့ လှမ်းရိုက်လိုက်သည်။

'သား့ပစ်၊ ဒိုင်း့ဒိုင်း့ဒိုင်း' ဟုအော်ဟစ်အားပေး၍ ကလေးလက်ကိုဆွဲကာ သေနတ်သေးသေးလေးနှင့် ထိုအရုပ်ကို ပစ်ဟန်ပြုရင်း သူ့ရိုက်ချက်ကို ခေါင်းငုံ့ရှောင်လိုက်ရ၏။

ထိုအချိန်တွင်ကျွန်တော်ကြောက်ရွံ့နေခဲ့ပါသလား

မကြောက်ပါ။

'တာရာမင်းဝေ'၏ **အရုပ်မြို့တော်** လို ပျော်စရာမကောင်းသော၊ စိတ်ရှိတိုင်း ကန့်လန့်တွေးရင်း ရယ်မောပြစ်ဖို့မကောင်းသော အရုပ်များနှင့် တွေ့ဆုံရမည်ကို သိထားနှင့်ပြီး ကျွန်တော့်စိတ်ကို ကြိုတင်ပြင်ဆင်ထားခဲ့ပြီး သောကြောင့်ဖြစ်ပါသည်။

ရထားဘီးသည် တကျွီကျွီ။ တအိအိမြည်နေ၏။

အမှောင်ကို ခရမ်းပြာနှင့် အနီကျဲကျဲတို့ ဆိုးပက်ထား၍ ထိုအရောင်တို့သည် စိတ်ကိုခြောက်ခြားစေသည်။

အလုံပိတ်ခန်းဖြစ်၍ လေမသန့်။ ဖုန်နံ့များမွှန်နေသည်။ အော်ညည်းသံတုန်တုန်ရီရီ တို့က အဆက်မပြတ်ပျံ့လွင့်နေ၏။

ထိုဝန်းကျင်သည် သူ့ရည်ရွယ်ချက်ပေါက်မြောက်အောင် ကစားကွင်းဖန်တီးရှင်တို့ စိတ်တိုင်းကျ ပြုပြင်ထားသော ဝန်းကျင်ဖြစ်သည်။

လူတို့၏စိတ်ဓါတ်ကို အကြောက်တရားတို့ဖြင့် ဖိညှစ်အနိုင် ယူထားသည့်အချိန်ကာလများဖြစ်သည်။

ထိုအခြေအနေတွင် နေပျော်ပါမည်လားမိတ်ဆွေ။

ကျွန်တော်တို့ မိသားစုကတော့ ပြန်ဆုတ်ခွာခွင့် မဲ့ရထား သံလမ်းတစ်ခုပေါ်တွင် သူခေါ်ရာသို့ လိုက်ပါသွားနေရပြီဖြစ်သည်။

ရထားတစ်စီး၊

စိတ်ညစ်ညူးဖွယ်ဖန်တီးထားသော ဝန်းကျင်၊

အမှောင်များ၊

မိသားစု သုံးယောက်၊

လေထုညစ်ထပ်ထပ်၊

ညည်းညူ သံများ၊ လေတိုးသံများ။

အမှောင်၊ မိသားစုသုံးဦး၊ ရထားတစ်ကောင်၊ သံလမ်းတစ်ချောင်း၊ ဖုန်နံ့စူးစူးရှိသောလေ၊ သံလမ်းကိုပွတ်ကြိတ်သံ တဂျိမ်းဂျိမ်း၊

ကြိုတင်စီစဉ်ထားသောဝန်းကျင်၊

အကြောက်တရား၊

ဖိစီးခြင်း၊

ခြိမ်းခြောက်မှုများ၊

နီကျင်ကျင်မီးရောင်၊

လူတို့ဖန်တီးထားသည့် အခြေအနေ၊ ရထားတစ်ရုပ်၊ မိသား တစ်စု၊ သူလိုရာသွားမည့်သံလမ်းတစ်စုံ။ အစွမ်းရှိ သလောက် ခြောက်လှန့်တတ်သောအရုပ်များ၊

အလုံခန်းတစ်ခုထဲတွင် ကျွန်တော်တို့ မိသား တစ်စုသာ။

သံလမ်းသည် အကွေ့တစ်ခုဆီသို့ လှည့်ပတ် ဝင်ရောက် လိုက်၏။ အကွေ့တိုင်းသည်အပြောင်းလဲတစ်ခုစီကို ပိုင်ဆိုင်ထား တတ်ကြောင်း ကျွန်တော်တို့ မေ့မထားသင့်ပါ။

ကျွန်တော်သည် ပန်းရောင်စုံပွင့်ဖတ်များ ကျရောက် မျောပါ နေပြီး၊ ရေကြည်ကြည်စီးနေသော စမ်းချောင်းတစ်ခုမှ ရေဖြင့် မျက်နှာသစ်ချင်လာသည်။

နားထဲသို့ တဂျုန်းဂျုန်း တဂျိမ်းဂျိမ်း မြည်နေသော အမျိုး အမည်မသိ ယန္တရားတစ်ခု၏ အသံဝင်ရောက်လာ သည်။ ညာဖက်သို့စောင်းငဲ့ကြည့်လိုက်တော့၊ တီဗီဇာတ်လမ်း တွဲများတွင် မြင်ဖူးနေကျ၊ ပြည်သူ့တရားရှင်ကြီး 'ပေါင်ချိန်' နှင့် သူ့ အပေါင်းအပါများ။

တီဗီဇာတ်လမ်းတွဲများတွင်၊ အမှန်တရားမြတ်နိုးလွန်း သူကြီး၊ သမာသမတ်ရှိလွန်းသူကြီး 'ပေါင်ချိန်' သည် ဤအခန်းထဲတွင်တော့ လူများကို ခြောက်လှန့်ခြိမ်းခြောက်သူ ကြီးဖြစ်နေသည်ကို တွေ့ရ၏။သူ့လက်ထဲမှ သစ်တုံးတစ်ခုဖြင့် သူ့စားပွဲကို တဒုန်းဒုန်းထုနေသည်။ သူ့ရှေ့ရောက်လာသူ ဘယ်သူကိုမဆို တရားခံအဖြစ် ပြစ်ဒဏ်ချမှတ်မည့် သဘော။ သူ့အခြံအရံများအားလုံးကလည်း ရထားပေါ် ပါလာသူ မှန်သမျှကို တရားခံလို သဘောထားကာ ခပ်တင်းတင်း ခပ်ရဲရဲကြည့်နေကြသည်။ ခွေးခေါင်းခါးစက်ကြီးက ပါးစပ်ဟဖြဲကာ လူတိုင်း၏ ခေါင်းကို သွေးသံရဲရဲဖြတ်ချလိုက် တော့မည့်ဟန်။

ကျွန်တော် မအံ့သြဖြစ်ပါ။

အရာရာသည် စီမံခန့်ခွဲသူတို့ဖန်တီးထားသော အခြေအနေ အကြောင်းတရားများပေါ် မူတည်ပြီး ဖြစ်လိုရာဖြစ်တတ်သည့် သဘောကို စဉ်းစားမိလိုက် သောကြောင့်ဖြစ်ပါသည်။

သေနတ်ကိုင်ထားသော ကျွန်တော်တို့ သားအဖ ၏လက်များသည် တင်းကနဲဖြစ်သွားပြီး၊ ပေါင်ချိန်၏ နဖူး တည့်တည့်ကို ချိန်ရွယ်ပစ်ခတ်လိုက်ကြသည်။ ထိုလှုပ်ရှားမှု သည် ကျွန်တော်တို့ သားအဖနှစ်ယောက် လုံးဝတိုင်ပင် ထားခြင်းမရှိသော တိကျလှသည့် ချိန်ကိုက်လှုပ်ရှားမှုတစ်ခု (လွန့်တုန့်မှု) တစ်ခုသာဖြစ်သည်။

ထိုစိတ်သည် မတရားမှုကိုရွံမုန်းသောစိတ်၊ ဖိနှိပ် ခြင်းကို ရှန်းကြွတုန့်ပြန်သောစိတ်ဖြစ်မဖြစ် စိတ်ပညာရှင် တို့စိစစ်စေချင်သည်။

မတော်မတရား နှိပ်စက်သည်ဟု ထင်မြင်လာလျှင် အမှန်တရား၏ သင်္ကေတအဖြစ် *(နှစ်သက်ခဲ့ချစ်မက်ခဲ့သော)* 'ပေါင်ချိန်'ကိုပင် ပစ်သတ် လိုက်ဖို့ဝန်မလေးသော စိတ်တစ်ခု ကိုတွေ့လိုက်ရသည်။ ထိုစိတ်သည် မွေးဖွားလာသည့်လူသား တိုင်း၏ရင်ထဲသို့ သဘာဝတရားကထည့်သွင်းပေးလိုက်သော အမြုတေဓါတ်တစ်မျိုးဖြစ်နိုင်သည်။

ပေါင်ချိန်ကြီး တို့ ကျန်ရစ်ခဲ့ပြီ။

ရထားကတော့ ကျွန်တော်တို့ကိုတင်ဆောင်ကာ ဆက်လက် ရွေ့လျားသွားလာရင်း ခြောက်လှန့်မှုအဆင့်ဆင့် ဆီသို့ ခေါ်ဆောင်သွားနေဆဲဖြစ်၏။

ကွေ့ချိုးတစ်ခုသို့ ရထားကွေ့ချလိုက်သည်။

**'အား'** ကနဲအော်သံတစ်ခုထွက်လာသည်။ ဇနီးနှင့် သားငယ် ထံမှဖြစ်သည်။ သူတို့ခေါင်းငုံလိုက်ကြသည်။ သားက ကျွန်တော့်ရင် ခွင်ထဲကြုံ့ဝင်စီးကပ်နေ၏။ ကျွန်တော့် ညာလက်က သူတို့နှစ်ဦးကိုယ်ပေါ်မှ ကန့်လန့်ဖြတ် မိုးကာ ထားပြီးဖြစ်နေသည်။

မမြင်ကွယ်ရာမှ ပါးပျဉ်းထောင်ထားသော မြွေ တစ်ကောင်က ကျွန်တော်တို့ကို ပေါက်သတ်မည့်ဟန်ဖြင့် ရုတ်တရက်ထိုးထွက်လာသောကြောင့်ဖြစ်၏။ စက္ကူမြွေရုပ် ဖြစ်သော်လည်း ထိုအခိုက်အတန့်တွင် အရုပ်ဟု မမြင်နိုင် မထင်နိုင်ပဲ ကြောက်လန့်နေခဲ့ကြသည်။

ကျွန်တော် နည်းနည်းရယ်ချင်လာသည်။

ကိုယ့်ချွေးနည်းစာငွေကြေးကို ရက်ရက်ရောရော ပေးပြီး ကိုယ့်စိတ်ဓါတ်ကိုနှိပ်စက်ခံနေသည့် ကျွန်တော်တို့ မိသားစုအဖြစ်ကို ပြန်စဉ်းစားမိ၍ဖြစ်သည်။

ကျွန်တော်တို့တစ်တွေသည် ကိုယ်ရသင့်သည်များကို ထိုးအပ်၍ ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါများအနှိပ်စက်ခံခဲ့ကြ ဖူးပါသလဲ။

အပိုင်း(၂)

ရုပ်ရှင်များ၊ ဗီဒီယိုဇာတ်ကားများထဲတွင်တော့ **''ခြောက်နှစ်ခန့်ကြာသော်''**ဟုစာတမ်းထိုးကြမည်ထင်သည်။

သရဲရထား၊ အပိုင်း(၁)ဟု ခေါင်းစဉ်တပ်ထားသော အထက်ပါ အရေးအသားကို ကျွန်တော်ရေးသားခဲ့သည်မှာ လွန်ခဲ့သော(၆)နှစ်ခန့် (၂၀၀၀ပြည့်နှစ်ဝန်းကျင်)က ဖြစ်ပါလိမ့်မည်။ ထိုစဉ်က အသက်ငါးနှစ် သားဟုဖော်ပြထားသော ကျွန်တော့်သားငယ်သည် ယခုအခါ(၁၁)နှစ်သား အရွယ်ရောက်နေပြီဖြစ်သောကြောင့် ထိုသို့ခန့်မှန်းမိခြင်းဖြစ်သည်။

ထိုအရေးအသားကို ဘာ့ကြောင့်ပြီးဆုံးအောင် ကျွန်တော် ဆက်မရေးဖြစ်ခဲ့သည်ကို အမှတ်မရတော့၊ မသိတော့ပါ။ ၂၀၀၆နှစ်ဦး တွင် ကျွန်တော်တို့သားအဖ ဓါတ်ပုံဟောင်းဖိုင်များရှာဖွေရာမှ ထို ရေးလက်စကလေးအား အမှတ်မထင်ပြန်လည်တွေ့ရှိခဲ့ခြင်းဖြစ်သည်။ ''ကျွန်တော်၏ စာပေဆိုင်ရာအားထုတ်မှုများ''ဟူသော ဖိုလ်ဒါ (Folder)ကြီးအောက်ရှိ ''သိမ်းလက်စများ'' ဟူသော ဖိုလ်ဒါထဲတွင် ဖိုင်တစ်ခုအနေဖြင့် ပြန်လည်တွေ့ရှိခဲ့ကြပါသည်။

ယခုအခါ မြန်မာစာကို အတန်ငယ်ချောအောင် ဖတ်ပြနိုင်နေပြီဖြစ်သော အလယ်တန်းကျောင်းသားလေးက သူကိုယ်တိုင်ပါဝင်ခဲ့ဖူးသော နေ့ရက်တစ်ခု၊ ကစားနည်းတစ်ခုအကြောင်းကို ပြန်ဖတ်ရသောအခါ အလွန်သဘောကျသွားပြီး ဖခင်ဖြစ်သူကျွန်တော့်အား ပြီးဆုံးအောင်ဆက်ရေးရန်တိုက်တွန်းခဲ့သည်။ သို့သော် သူ့ဆန္ဒအား ကျွန်တော်မဖြည့်ဆည်းနိုင်ခဲ့ပါ။ ထိုနေ့က ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို ကျွန်တော့်မှတ်ဉာဏ်က မှိန်ဝါး လိုက်ခဲ့ပြီဖြစ်သည်။ မြွေကြီးပြီးတော့ ဘာ အကောင်ဗလောင် တွေနဲ့တွေ့ခဲ့လဲ။ ကျွန်တော်တို့ တွေ့ မြင်ခဲ့ကြရသည်မှာ အရိုးစုတွေ၊ လူသေအလောင်းလိုမျိုးတွေ၊ ဖုန်နံ့ မှုန်ထူထူတွေ၊ မှောင်မဲမဲနီရဲရဲအလင်းအမှောင်တွေပဲဖြစ်ပါလိမ့်မည်။ ဆိုရလျှင် စိတ်ပျက်စရာမြင်ကွင်းများ၊ အသံများ၊ အနံ့များသာ ရရှိခဲ့ကြပြီး မည်သည့်ပျော်ရွှင်ချမ်းမြေ့ဖွယ်ရာမျိုးမျှ တွေ့ကြုံခဲ့ရသည်မဟုတ်ပါ။

ခြိမ်းခြောက်၊ ခြောက်လှန့်ခံရမှု၊ စိတ်ဖိစီးခံရမှု၊ သက်တောင့် သက်သာမရှိမှု၊ ဟူသောခံစားမှုများအတွက် အချိန်နှင့်ငွေများပေးပြီး ကစားခဲ့ကြပြီးဖြစ်သည်။ မှတ်မှတ်ရရ ကျွန်တော်တို့ မိသားစုအနေဖြင့် ထိုတစ်ကြိမ်နောက်ပိုင်းတွင် သရဲရထားမစီးဖြစ်ကြတော့ပါ။ ဖန်တီးသူ တို့စိတ်ကြိုက် စီမံခန့်ခွဲထားသော ဘောင်တစ်ခု၊ ဝန်းကျင်တစ်ခုထဲတွင် ထိုသူတို့စိတ်တိုင်းကျ အနှိပ်စက်ခံရသော ဘဝမှ လွန်မြောက်၊ လွတ်မြောက်ခဲ့ကြပြီဖြစ်သည်။ သို့သော် ထိုအရာမှာ ကစားနည်းတစ်ခု ကစားကွင်းတစ်ခုသာဖြစ်ကြောင်း ကျွန်တော်တို့မမေ့ခဲ့ပါ။

ကစားနည်းတစ်ခုကို မကစားခြင်းဖြင့်လည်းကောင်း၊ ကစားကွင်း တစ်ခုကို မသွားရောက်ခြင်းဖြင့်လည်းကောင်း ရှောင်ကွင်းနိုင်သော်လည်း ဘဝကစားကွင်းအတွင်းရှိ ကိုယ်မကစားလိုသော ကစားနည်းကို မည်သို့ရှောင်ကွင်းရမည်ကို ကျွန်တော်မသိခဲ့။ နည်းလမ်းမရှိခဲ့။

သရဲရထားစီးနည်းသည် ပိန်းပိတ်အမှောင်နှင့် မီးအလင်းမှိန်တို့ကို အားပြုတည်ဆောက်ထားသော ဝက်ပါကစားကွင်းတစ်ခုဖြစ်လျှင် ဘဝသည် နေအလင်းနှင့် ညအမှောင်တို့ကို အားပြုတည်ဆောက်ထားသော ဝက်ပါ ကစားနည်းတစ်ခုသာဖြစ်ပါလိမ့်မည်။

သရဲရထားကစားနည်းတွင် ကျွန်တော့်သားက ပလပ်စတစ် သေနတ်ကိုကိုင်တွယ်ခဲ့သော်လည်း ဘဝထဲတွင်မူ ကျွန်တော်ကသံမဏိ သေနတ် ကိုင်ကောင်းကိုင်ရမည်။ တရားမျှတမှုသင်္ကေတ ပေါင်ချိန်ကြီးက မြင်မြင်သမျှကို သတ်ဖြတ်ပြဖို့ ဒေါသကြီးနေသလိုမျိုး၊ ဘဝထဲတွင် အမှန်တရား၏ ပက်ပက်စက်စက်ခြိမ်းခြောက်မှုကို မခံရနိုင်ဟု မည်သူမျှ ကံသေကံမှမပြောနိုင်။

တကယ်တော့ ကျွန်တော်တို့သည် ရှင်သန်နေထိုင်ရသမျှ အချိန်အတွင်း၊ ကွေ့ပေါင်းများစွာမှ ခြိမ်းခြောက်မှုများစွာ အချိန်မရွေး ထွက်ပေါ်လာနိုင်သည့် ဘဝဝက်ပါထဲတွင် သရဲရထား စီးနေကြရခြင်းမျှသာဖြစ်သည်။

ကစားကွင်းမှ သရဲရထားတွင် ရထားစီးနေရချိန် ရှိသည်။

ကျွန်တော့်ဘဝတွင် ကျွန်တော်ရှင်သန်နေခွင့်ရ အချိန်ရှိသည်။

ကစားကွင်းက ရထားတွင် ခရီးဆုံးထွက်ပေါက်ရှိသည်။

ကျွန်တော့်ဘဝတွင် ခရီးဆုံးထွက်ပေါက် ဘယ်မှာရှိပါသလဲ။

မေးခွန်းများသည် ရထားတစ်စီးစာမက လေးလံစွာ ကိုယ်ပေါ်ပိကျလျက်။

**ငြိမ်းအေးအိမ်**